PapScreen Victoria

information

# သားအိမ်လည်တံဆဲလ် နမူနာစစ်ဆေးခြင်း (Pap Test) - သားအိမ်လည်တံ ကင်ဆာ ရောဂါကာကွယ်ရေး နည်းလမ်းတစ်ခု

## သားအိမ်လည်တံကင်ဆာ ဆိုတာဘာလဲ?

သားအိမ်လည်တံကင်ဆာဆိုသည်မှာ သားအိမ်လည်တံတွင်ဖြစ်ပွားသော ကင်ဆာရောဂါဖြစ်ပါသည်။ သားအိမ်လည်တံသည် သားအိမ်နှင့် မိန်းမမျိုးပွားလမ်းကြောင်း အောက်ပိုင်းတို့အကြားတွင်ရှိသည်။ (Pap tests) သားအိမ်လည်တံဆဲလ်နမူနာ စစ်ဆေးခြင်းများဖြင့် သားအိမ်လည်တံတွင်ရှိသော ပုံမှန်မဟုတ်သောဆဲလ်များကို စောစီးစွာသိနိုင်သည်။ (Pap tests) များက ကင်ဆာရောဂါကို ချက်ခြင်းမတွေ့နိုင်သော်လည်း အကြိုကင်ဆာအသွင်များနှင့် ကင်ဆာပြောင်းအသွင်များကို စောစီး စွာ သိနိုင်သည်။ အပြောင်းအသွင်များကို စောစီးစွာသိခြင်းက ကင်ဆာကြီးထွားမလာမီအချိန်တွင် ကုသမှုရယူနိုင်ပါသည်။ ဩစတြေးလျားနိုင်ငံတွင် အမျိုးသမီးများ ကင်ဆာရောဂါဖြစ်နှုန်းကို လျှော့ချနိုင်သော အလွန်အောင်မြင်သည့် ကင်ဆာ ကြိုတင်စစ်ဆေးခြင်းအစီအစဉ်ရှိသည်။



## Pap test ကို မည်သူတွေလုပ်ရန်လိုအပ်သလဲ?

လိင်ဆက်ဆံမှုနှင့်ပတ်သက်၍ (တစ်ကြိမ်မျှပင်ဖြစ်စေကာမူ) နိုးကြွမှုရှိနေသော အသက် ၁၈နှစ်မှ ၇၀နှစ်အထိ အမျိုးသမီး အားလုံးမှာ နှစ်နှစ်တစ်ကြိမ် Pap test လုပ်သင့်သည်။

## Pap test ဆိုသည်မှာ ဘာလဲ?

Pap test ဆိုသည်မှာ အမျိုးသမီးများ သားအိမ်လည်တံကင်ဆာ ဖြစ်လာနိုင်သည့် သားအိမ်လည်တံမှ ဆဲလ်များတွင် ပြောင်းလဲမှုရှိ၊ မရှိကို စစ်ဆေးရန်အတွက် ရိုးရိုးစမ်းသပ်စစ်ဆေးခြင်းဖြစ်ပါသည်။ Pap Test သည် မိနစ်အနည်းငယ်သာ ကြာတတ်ပါသည်။ Pap Test ကို ယခုလို စစ်ဆေးပြုလုပ်ပါသည်။

- ဆရာဝန်သို့မဟုတ် အထူးလေ့ကျင့်သင်ကြားထားသော သူနာပြုက စစ်ဆေးမည်။ သင့်ခါးအောက်ပိုင်းတွင် ရှိနေသောအဝတ်များချွတ်ရန်နှင့် ပက်လက်သို့မဟုတ် တစောင်းအနေအထားဖြင့်နေရန် လိုအပ်ပါသည်။
- ဆရာဝန်သို့မဟုတ် အထူးလေ့ကျင့်သင်ကြားထားသော သူနာပြုက မိန်းမမျိုးပွားအင်္ဂါလမ်းကြောင်း အောက် ပိုင်းကို စပက်ကယူလန် ဟုခေါ်သောကိရိယာတစ်ခုထည့်မည်။ စပက်ကယူလန်က မျိုးပွားအင်္ဂါလမ်းကြောင်း အောက်ပိုင်းကို ပွင့်စေကာ သားအိမ်လည်တံကို ထင်ထင်ရှားရှားမြင်ရမည်။



- စစ်ဆေးခြင်းမှာနာကျင်မှုမရှိသင့်ပါ။ သို့သော် သက်တောင့်သက်သာမရှိခြင်း အနည်းငယ်မျှဖြစ်နိုင်ပါသည်။ အကယ်၍ Pap test ကြောင့်နာကျင်လျှင် ဆရာဝန် သို့မဟုတ်သူနာပြုကို ချက်ခြင်းအသိပေးပါ။
- ဆရာဝန်သို့မဟုတ် အထူးလေ့ကျင့်သင်ကြားထားသော သူနာပြုက သားအိမ်လည်တံမှ ဆဲလ်နမူနာများကို စပါကယူလာအသေး သို့မဟုတ် ဘရပ်ရှ်အသေးဖြင့်ယူပြီး မှန်ပြားပေါ်တွင်တင်မည်။
- စစ်ဆေးတွေ့ရှိချက်များကို တစ်ပါတ်နှစ်ပါတ်အတွင်းရတတ်ပါသည်။

သင်၏ Pap test ပြုလုပ်စစ်ဆေးခြင်း၊ ပြုလုပ်ပုံပြုလုပ်နည်းတို့နှင့်ပတ်သက်၍ မေးရန်မေးခွန်းများ သို့မဟုတ် သိလိုသည် များရှိပါက သင်၏ဆရာဝန် သို့မဟုတ် သူနာပြုထံတွင်မေးပါ။

*တဖက်တွင်ကြည့်ပါ။-*

1 Rathdowne Street, Carlton VIC 3053   Tel: 03 9635 5000  Fax: 03 9635 5360
papscreen@cancervic.org.au   www.papscreen.org.au

## အကယ်၍ ကျွမရဲ့စစ်ဆေးတွေ့ရှိချက်တွေက ပုံမှန်မဟုတ်ဘူးဆိုရင် ဘာလုပ်ရမှာလဲ?

အကယ်၍ သင့်စစ်ဆေးတွေ့ရှိချက်များမှာ ပုံမှန်မဟုတ်ဟုဆိုပါက ၎င်းသည် သင်ကင်ဆာရောဂါရှိနေသည်ဟု မဆိုလိုပါ။ Pap test ၁၀ ခုတွင် တစ်ခုက ပုံမှန်မဟုတ်သောအပြောင်းအလဲများကို စစ်ဆေးတွေ့ရှိနိုင်ပါသည်။ အများဆုံးမှာ အလိုအလျောက် ပျောက်ကင်းသွားနိုင်သော၊ သို့မဟုတ် လွယ်ကူစွာ ကုသပျောက်ကင်းနိုင်သည့် အသေးအဖွဲရောဂါပိုးရှိနေခြင်းကြောင့် ဖြစ်ပါသည်။ အကယ်၍ သင့်မှာပုံမှန်မဟုတ်သော အပြောင်းအလဲများရှိနေပါက သင့်အတွက် အကောင်းဆုံးကုသမှုကို သင့်ဆရာဝန်က အကြံဉာဏ်ပေးပါလိမ့်မည်။ ၎င်း အကြံဉာဏ်ပေးခြင်းတွင်နောက်ထပ် Pap tests များ မကြာမကြာလုပ်ခြင်းလည်း ပါနိုင်သည်။



## အဘယ်ကြောင့် နှစ်နှစ်တစ်ခါ လုပ်ရသလဲ?

သားအိမ်လည်တံကင်ဆာ ရောဂါအများစုမှာ ဖြစ်လာရန်အနည်းဆုံး ၁၀နှစ် ကြာတတ်ပါသည်။ Pap test နှစ်နှစ်တစ်ခါ ပြုလုပ်ခြင်းဖြင့် အကယ်၍အပြောင်းအလဲများရှိနေပါက တွေ့မြင်နိုင်ပြီး ကင်ဆာရောဂါအဖြစ်သို့ ပိုဆိုးမလာမီ ဆေးကုသနိုင်ပါသည်။

## သင် Pap Test ကို ဘယ်မှာလုပ်နိုင်သလဲ?

သင့်အနေနှင့် ဆေးကုသသူ (ဆေးခန်းဖွင့်ကုသသူ သို့မဟုတ် ဆေးရုံမှဆရာဝန်)၊ ဒေသန္တရ ကျန်းမာရေးဌာန၊ သားသမီးအရေအတွက် ထိန်းချုပ်ရေးဆိုင်ရာဆေးခန်း သို့မဟုတ် လိင်ဆက်ဆံမှုဆိုင်ရာ ကျန်းမာရေးဌာန တို့တွင် Pap test လုပ်နိုင်သည်။

သင် ရက်ချိန်းတောင်းသည့်အချိန်တွင် အမျိုးသမီးဆရာဝန် သို့မဟုတ် သူနာပြုဆရာမနှင့်တွေ့ရန် ပြောထားနိုင်သည်။ အကယ်၍ သင် အထူးလိုအပ်ချက်များ ဥပမာ အချိန်ကြာကြာလိုအပ်ခြင်း၊ သို့မဟုတ် စကားပြန်လိုအပ်ခြင်း စသည်များ ရှိပါက ထိုအချိန်တွင်ပြောပြနိုင်သည်။

ထိုနေ့တွင် သင်နှင့်အတူ သင့်ဆွေမျိုးတစ်ယောက် သို့မဟုတ် မိတ်ဆွေတစ်ယောက်ကို သင်နှင့်အတူခေါ်လာနိုင်သည်။

သင့်ရက်ချိန်းနှင့် သင့်စစ်ဆေးတွေ့ရှိချက်များကို မည်သူမျှမသိစေရပါ။ လုံခြုံသိုသိပ်စွာထိန်းသိမ်းပါမည်။

**Pap tests အကြောင်းပိုမိုသိလိုပါက www.papscreen.org.au တွင်ဖတ်ပါ။ သို့မဟုတ် ကင်ဆာကောင်စီ အကူအညီတယ်လီဖုန်းလိုင်း (Cancer Council Helpline) ကို 13 11 20 သို့မဟုတ် ကင်ဆာရောဂါ ဆိုင် ရာ သတင်းအချက်အလက်များကို ဘာသာစကားအမျိုးမျိုးဖြင့် ဖြန့်ချိရေးလိုင်း (Multilingual Cancer Information Line) ကို (03) 9209 0169 တွင် ဆက်သွယ်ပါ။**

***ဇူလိုင်လ ၂၀၀၈ခုနှစ်***

**PapScreen Victoria is the Victorian component of the National Cervical Screening Program and is coordinated by the Department of Human Services. The Cancer Council Victoria delivers PapScreen's education and communications initiatives.**